ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၈ ၂၀၁၉ ခုနှစ် ၊ မေလ ၁ ရက်

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ၂၀၁၉ ခုနှစ် ၊ ဧပြီလ (၉) ရက်နေ့ မွန်းလွဲ (၁၄း ၀၀) အချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး လေဆိပ်ရှိ ပြည်ပဆိုက်ရောက်/ထွက်ခွာ နေရာများ၌ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများ နေရာချထားမှုနှင့် တာဝန်ထမ်းဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များနှင့် ရောက်ရှိလာမည့် ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားရန်နှင့် လုံခြုံရေးကိစ္စရပ်များတွင်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်/ထွက်ခွာ နေရာများ၌ အကောက်ခွန်ဝန်ထမ်း အင်အား (၃၈) ဦးဖြင့် ၂၄ နာရီအပြည့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

# အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၂၉) ကြိမ်မြောက် စုပေါင်းရဟန်းခံ ၊ ရှင်ပြု ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၂၉) ကြိမ်မြောက် စုပေါင်း ရဟန်းခံ ၊ ရှင်ပြု ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ၂၀၁၉ ခုနှစ် ၊ ဧပြီလ (၉) ရက်နေ့ နံနက် (၀၉:၃၀) နာရီအချိန်တွင် မင်္ဂလာဒုံမြို့နယ် ၊ ပုလဲမြို့သစ်ရှိ ရွှေကြာညိုကန်သာမဏေကျော် စာသင်တိုက်၌ ကျင်းပပြုလုပ်ရာ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် ဇနီး ဒေါ်တင်တင်ကို ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ ၊ ညွှန်ကြားရေးမှူးများ နှင့်ဇနီးများ ၊ အရာထမ်း အမှုထမ်းများ ၊ မိသားစုဝင်များနှင့် သားသမီးများ နှင့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းဟောင်းများ စုံလင်စွာတက်ရောက်ခဲ့ကြပါသည်။

# အာရှ-ပစိဖိတ် မဲခေါင်နဂါး စီမံချက် အစည်းအဝေးတက်ရောက်




ကိုရီးယားသမ္မတနိုင်ငံ ၊ ဆိုလ်းမြို့တွင် ၂၀၁၉ ခုနှစ် ၊ ဧပြီလ (၂၄) ရက်မှ (၂၆) ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ် မဲခေါင်နဂါး စီမံချက် အစည်းအဝေးသည် အာရှ-ပစိဖိတ် မဲခေါင်နဂါးစီမံချက် စစ်ဆင်ရေးကာလအတွင်း အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ဖမ်းဆီး/တားဆီးမှု ပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်မျိုးမင်း တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၂၆.၃၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၈၀) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၃၂၆.၃၄၀) သန်းဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်




ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် နှင့် ကုန်လှောင်ရုံတို့တွင် တားဆီး/ဖမ်းဆီးမှု (၂၁) မှု ခန့်မှန်းတန်ဖိုးကျပ် (၂၄၇.၆၂၄) သန်းရှိသည့်အနက် ၂၂-၄-၂၀၁၉ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် 8M 232 , SF-5861 ဖြင့် စင်ကာပူနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Purifr Placenta Food Sup-plement (24) U ,C/O-New York ၊ ခန့်မှန်းတန်ဖိုးကျပ် (၈.၄) သန်းအားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၂၆.၃၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်းတားဆီး/ဖမ်းဆီးခြင်း







ဆိပ်ကမ်းတားဆီး/ဖမ်းဆီးမှု အနေဖြင့် (၆) မှု ခန့်မှန်းတန်ဖိုးကျပ် (၈၇.၈၇၇) သန်းရှိသည့် အနက် ၁၂-၄-၂၀၁၉ ရက်နေ့တွင် Nature's Story Co., Ltd မှ တင်သွင်းသော Cosmetics များအား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာတွင် တင်သွင်းလာသောပစ္စည်းများဖြစ်သည့်Cosmetics များအား FDA ထောက်ခံချက်မတင်ပြနိုင်သဖြင့် Items (၅၂) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၃.၂၈၄) သန်းအားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၂၆.၃၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် (၁၅၃) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၉၉၀.၈၃၉) သန်းရှိသည့်အနက် ၅-၄-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi PAJERO ယာဉ် (၁) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းတုံး (၅၈၃) ကီလို နှင့် ပစ္စည်းသယ် ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၄.၁၅၀) စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၂၆.၃၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၃-၄-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Kluger ယာဉ် (၁) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းတုံး (၇၆၂) ကီလို နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇၃.၁) သန်းအား စစ်ဆေး တွေ့ရှိ၍ ဖမ်းဆီးခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၂၆.၃၄၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု






ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၉-၄-၂၀၁၉ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း မှ စစ်ဆေးမှုများဆောင်ရွက်စဉ် HYUNDI STAREX ယာဉ် (၁) စီးပေါ်တွင် ကန့်သတ်ကုန်ပစ္စည်း ဖြစ်သော Sodium Cyanide (1 Bag x 50 Kgs) (15 bags )နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃.၅) အားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဧပြီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၂၀.၄၉၈ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | - | - | - |
| | စုစုပေါင်း | - | ၄ မှု | ၄ မှု | ၂၀.၄၉၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၉) ရက်နေ့ မှ (၃၀-၄-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၄) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၂၀.၄၉၈) သန်းအား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ





Baby Powder များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အား မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 3304.90.00 ဖြစ်ပြီး အကောက်ခွန် 20% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Soya Meal များ တင်သွင်း လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ ၊ HS Code မှာ 2304.00.90 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Gas Stove များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 7321.11.10 ဖြစ်ပြီး အကောက်ခွန် 7.5% ကုန်သွယ်လုပ်ငန်း ခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




ပန်းအစိုများ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 0603.19.00 ဖြစ်ပြီး အကောက်ခွန် 15% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။